The VOICE Weekly

**The Voice Weekly, 18 Apr 2005**

UN RELEASE

# ဖွံ့ဖြိုးဆဲနိုင်ငံမှ ကလေးသူငယ် ၂၁ ရာခိုင်နှုန်း ရေမရရှိနိုင်မှုနှင့် ဆိုးဝါးစွာ ကြုံတွေ့

**နယူးယောက်၊ မတ် ၂၂**

ဖွံ့ဖြိုးဆဲနိုင်ငံမှ ကလေးသူငယ် ၂၁ ရာခိုင်နှုန်းသည် ရေမရရှိမှုနှင့် ဆိုးဝါးစွာ ကြုံတွေ့နေရပြီး နေအိမ်နှင့် ၁၅ မိနစ်ခန့် လမ်းလျှောက်ခရီးအကွာအဝေးတွင် ရှိသင့်သည့် ရေအရင်းအမြစ်မျိုးနှင့်ပင် ကင်းဝေးနေသည်ဟု ၂၀၀၅ ခုနှစ် ကမ္ဘာ့ကလေးသူငယ်များအခြေအနေ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း မြန်မာနိုင်ငံ ယူနီဆက်ရုံးမှ မတ်လ ၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

မတ်လ ၂၂ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့သယံဇာတအထိမ်းအမှတ်နေ့တွင် ကမ္ဘာ့ကလေးသူငယ် ၂၀ ရာခိုင်နှုန်း၏ သောက်သုံးရေသည် ဖန်ခွက်တစ်ဝက်စာရှိနေကြောင်း၊ ရေနှင့်ပတ်သက်သည့် ဆူနာမီငလျင် လှိုင်းဒဏ်ကြီးသင့်ပြီး ရက်ပေါင်း ၉၀ အကြာတွင် ကမ္ဘာ့ကလေးသူငယ် သန်း ၄၀၀ သည် အသက်ရှင်ရန် ရေကောင်းရေသန့်ရရှိဖို့ အခက်အခဲကြုံနေသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) ၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ကယ်ရော်ဘယ်လ်မီးမှ ပြောကြားကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကလေးသူငယ်တစ်ဦးအတွက် နေ့စဉ် ရေကောင်းရေသန့် လိုအပ်မှုမှာ ရေ ၂၀ လီတာဖြစ်သဖြင့် ထိုလိုအပ်ချက်မရရှိသော ကလေးသူငယ်များသည် သေဘေးနှင့် ကြုံတွေ့နိုင်ကြောင်း မြန်မာနိုင်ငံ ယူနီဆက်ရုံး၏ သတင်းထုတ်ပြန်ချက်က ဆိုသည်။ ကျောင်းများ၊ ကျေးလက် ကျန်းမာရေးဌာနများတွင် ရေကောင်းရေသန့်ရရှိရန် ဆောင်ရွက်နေပြီး ၂၀၀၅ ခုနှစ်တွင် ရေရရှိရေးအတွက် အမေရိကန်ဒေါ်လာ တစ်သန်းသုံးစွဲမည်ဟု မြန်မာနိုင်ငံယူနီဆက်ရုံးထံမှသိရသည်။